စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ ဧပြီလ)



ရက်စွဲ ၂၂-၅-၂၀၂၃

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဧပြီလ(၂၈) ရက်ထိ ပို့ကုန်တင်ပို့မှုအခြေအနေ | ၃ |
| ၅။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဧပြီလ(၂၈) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန် တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဧပြီလ(၂၈) ရက်ထိ လယ်ယာထွက်ပစ္စည်း တင်ပို့မှု | ၄-၅ |
| ၇။ | ဆန်နှင့်ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၈-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၂-၁၃ |
| ၁၁။ | နှမ်း | ၁၄ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၅ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဧပြီလ(၂၈) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၁ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ ဧပြီလ)

## နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ (၅) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၂၈-၄-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယား များအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်၊ မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့ အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပ ပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၇,၁၅၄.၄) သန်းရှိသည့်အနက် လယ်ယာထွက် ကုန်အနေဖြင့် ဒေါ်လာ (၂,၉၈၆.၉၈) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း (၁၆,၆၂၀.၁၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် ဒေါ်လာ (၃,၉၉၉.၀၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်(၁၇%)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် (၂၄%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၇%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုး မှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၅၃၄.၂၃) သန်းလျော့နည်းခဲ့သော်လည်း လယ်ယာ ထွက်ကုန်ပစ္စည်းပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၀၁၂.၀၄) သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲ ဇယား-က)

ဇယား (၁) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဧပြီ မှ မတ် | ၂၀၁၉-၂၀၂၀ ဧပြီ မှ မတ် | ၂၀၂၀-၂၀၂၁ ဧပြီ မှ မတ် | ၂၀၂၁-၂၂ ဧပြီ မှ မတ် | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၃ မှ ၂၈-၄-၀၂၃ ထိ) |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇% | ၂၀% | ၂၇% | ၂၇% | ၂၄% | ၂၈% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃% | ၂% | ၀.၄၂% | ၀.၀၅% | ၀.၁၂% | ၀.၀၄% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၅% | ၅% | ၃% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၁၀% | ၈% | ၄% | ၂% | ၁% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၁% | ၁.၀% | ၀.၈% | ၁.၀% | ၀.၈% | ၀.၆% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၅% | ၅၉% | ၅၃% | ၅၇% | ၆၆% | ၆၃% |
| ၇ | အခြားပစ္စည်း | ၁၀% | ၄% | ၆% | ၅% | ၃% | ၅% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဧပြီလ (၂၈) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၃) မှ (၂၈-၄-၂၀၂၃) ထိ တစ်လတာအတွင်း ပို့ကုန်တင်ပို့စုစုပေါင်း ဒေါ်လာသန်း (၈၆၉.၇၇) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၂၃၉.၇၃) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၀.၃၁) သန်း၊ ရေထွက် ဒေါ်လာ(၂၅.၄၅) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ(၁၁.၀၃)သန်း၊ သစ်တောထွက် ဒေါ်လာ(၄.၈၆)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၅၄၄.၁၅) သန်းနှင့် အခြား ဒေါ်လာ(၄၄.၂၆) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဧပြီလ (၂၈) ရက်ထိ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှုအခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍတင်ပို့မှုအနေဖြင့် စုစုပေါင်း **ဒေါ်လာ (၂၆၅.၄၈) သန်း** တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း (၂၃၉.၇၃) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း (၀.၃၁) သန်းနှင့် ရေထွက်ပစ္စည်း (၂၅.၄၅) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) - လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၂၆၅.၄၈ | ၃၈၀.၆၉ | - ၁၁၅.၂၁ | - ၃၀.၂၆% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၂၃၉.၇၂ | ၃၃၁.၅၄ | - ၉၁.၈၂ | - ၂၇.၆၉% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၃၇.၃၆ | ၇၆.၆၃ | - ၃၉.၂၈ | - ၅၁.၂၅% |
| | | တန်ချိန် | ၈၉,၄၂၇ | ၂၃၀,၂၀၅ .၉ | - ၁၄၀,၇၇၈ .၉ | - ၆၁.၁၅% |
| | (က) ဆန် | US$ | ၂၀.၃၉ | ၅၀.၇၁ | - ၃၀.၃၂ | - ၅၉.၇၈% |
| | | တန်ချိန် | ၄၄,၈၀၆ | ၁၄၆,၁၉၅.၄ | - ၁၀၁,၃၈၉.၄ | - ၆၉.၃၅% |
| | (ခ) ဆန်ကွဲ | US$ | ၁၆.၉၇ | ၂၅.၉၃ | -၈.၉၆ | - ၃၄.၅၅% |
| | | တန်ချိန် | ၄၄,၆၂၁ | ၈၄,၀၁၀.၅၀ | - ၃၉,၃၈၉.၅ | - ၄၆.၈၉% |
| ၂ | ပဲအမျိုးမျိုး | US$ | ၈၇.၂၄ | ၁၁၂.၂၄ | - ၂၅ | - ၂၂.၂၇% |
| | | တန်ချိန် | ၁၁၃,၁၇၆ .၄၈ | ၁၄၇,၈၇၉ .၀၄ | - ၃၄,၇၀၂ .၅၆ | - ၂၃.၄၇% |
| ၃ | ပြောင်း | US$ | ၃၄.၄၆ | ၃၁.၆၇ | ၂.၈၀ | ၈.၈၄% |
| | | တန်ချိန် | ၁၁၁,၂၁၃.၅၉ | ၁၀၁,၅၄၄.၉၀ | ၉,၆၆၈ .၇၀ | ၉.၅၂% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | နှမ်း | US$ | ၅.၆၅ | ၇.၁ | - ၁.၄၅ | - ၂၀.၄၂% |
| | | တန်ချိန် | ၃,၉၀၀ .၇၂ | ၅,၆၀၃ .၇ | - ၁,၇၀၂ .၉၈ | - ၃၀.၃၉% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၃.၀၄ | ၄၄.၆၇ | - ၃၁.၆၃ | - ၇၀.၈၁% |
| | | တန်ချိန် | ၁၀,၅၂၄ .၇၉ | ၂၇,၉၁၅ | - ၁၇၃၉၀ .၂၁ | - ၆၂.၃၀% |
| ၆ | အခြားသီးနှံ | US$ | ၆၁.၉၇ | ၅၉.၂၄ | ၂.၇၃ | ၄.၆၁% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၀.၃၁ | ၂.၃၇ | - ၂.၀၆ | - ၈၆.၉၂% |
| ရေထွက်ပစ္စည်း | | US$ | ၂၅.၄၅ | ၄၆.၇၈ | - ၂၁.၃၃ | - ၄၅.၆၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဇယား


## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ (၂၈) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၂၃၉.၇၃) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး ဒေါ်လာ (၃၇.၃၆) သန်း၊ တန်ချိန် (၈၉,၄၂၇)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး ဒေါ်လာ (၈၇.၂၄)သန်း၊ တန်ချိန် (၁၁၃,၁၇၆.၄၈)၊ ပြောင်းမှာ တန်ဘိုး ဒေါ်လာ (၃၄.၄၆)သန်း၊ တန်ချိန် (၁၁၁,၂၁၃.၆)၊

ရာဘာစိမ်းမှာ တန်ဘိုး ဒေါ်လာ (၁၃.၀၄)သန်း၊ တန်ချိန်(၁၀,၅၂၄.၇၉) သန်းနှင့် ဆီထွက်သီးနှံ ဖြစ်သော နှမ်းမှာ တန်ဘိုး (၅.၆၅)သန်း၊ တန်ချိန် (၃,၉၀၀.၇၂) ပါဝင်ခဲ့ပြီး အခြားသီးနှံ ဒေါ်လာ (၆၁.၉၇) သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ ၃၊ ၄)

## ဆန်နှင့် ဆန်ကွဲ

၉။ (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ ထိ) တစ်လတာအတွင်း လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဒေါ်လာ(၂၃၉.၇၃) သန်းတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ဘိုးဒေါ်လာ (၃၇.၃၆) သန်း၊ တန်ချိန် (၈၉,၄၂၇) တင်ပို့ခဲ့ပါသည်။ (ပုံ-၅)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၅)။ (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ ယခုအပတ်အတွင်း **ဆန်**တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တန်ချိန် (၁) သောင်းကျော်၊ တန်ဖိုး ကန်ဒေါ်လာ (၆) သန်းကျော် တင်ပို့ခဲ့ပြီး စပိန်၊ တူရကီ၊ ဘူဂေးရီးယားနှင့် UK နိုင်ငံများသို့ တင်ပို့မှုရှိကာ ယခင်အပတ်ထက် တန်ချိန် (၁၀၀၀) ကျော်စီပိုမိုတင်ပို့ခဲ့သည့်အပြင် နိုင်ငံပေါင်း (၁၅) နိုင်ငံသို့လည်း တင်ပို့ခဲ့ကြောင်း၊ နယ်စပ်မှ တင်ပို့နိုင်မှုမရှိကြောင်းသိရသည်။

၁၁။ **ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန် (၁.၅) သောင်း၊ တန်ဖိုး ကန်ဒေါ်လာ (၆) သန်းနီးပါးရှိပြီး ပင်လယ်ရေကြောင်းမှ တန်ချိန်(၁.၄) သောင်း၊ နယ်စပ်မှ (၈၈၂) တန်တင်ပို့ခဲ့ကြောင်း၊ ပင်လယ်ရေကြောင်းမှ ဘယ်လဂျီယံသို့ တန်ချိန် (၂၀၀၀) ကျော်၊ တရုတ်သို့ တန်ချိန် (၂၀၀၀) ခန့် အပါအဝင် နယ်သာလန်၊ UK ၊ ပိုလန်၊ ပေါ်တူဂီ၊ စပိန်နှင့် စင်္ကာပူနိုင်ငံများသို့ တန်ချိန်(၃၀၀၀) ကျော်

စုစုပေါင်း တန်ချိန် (၇၀၀၀) ကျော် ပိုမိုတင်ပို့ခဲ့ပြီး နယ်စပ်တင်ပို့မှုတွင် မူဆယ်၊ လွယ်ဂျယ်နှင့် ချင်းရွှေဟော်စခန်းတို့မှ တင်ပို့မှုရှိကြောင်း၊ ၂၀၂၃ ခုနှစ် မတ်လ(၁)ရက် နေ့မှစ၍ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ တင်ပို့မှုမှရရှိသည့် နိုင်ငံခြားသုံးငွေများ၏ (၆၅%)ကို ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်လဲလှယ်သွားရန်နှင့် ကျန် (၃၅%)ကို ပို့ကုန်သုံးစွဲသူမှ သုံးစွဲခွင့်ပြုရန် ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်လျက်ရှိရာ အမိန့်ထုတ်ပြန်ပြီးနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်မှ (၂၈) ရက်အတွင်း နယ်စပ်မှ ဆန်တင်ပို့နိုင်မှုမရှိကြောင်းနှင့် ဆန်ကွဲအား မူဆယ်မှ (၄၁၈) တန်၊ လွယ်ဂျယ်မှ (၈၅၄) တန်နှင့် ချင်းရွှေဟော်မှ (၂,၅၄၃) တန် တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ ပြည်တွင်းဈေးကွက်အနေဖြင့် ဈေးကွက်သို့ဆန်ဝင်ရောက်မှုနည်းခြင်း၊ အရောင်းအဝယ် ကောင်းခြင်းတို့ကြောင့် ဆန်ဈေးများ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဇယား (၃) - ပြည်တွင်းဧည့်မထဆန်(မိုး)ဈေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | ဈေးကွက် | ယခုအပတ် (၂-၅-၂၀၂၃) | ယခင်အပတ် (၂၄-၄-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၈၅,၀၀၀ | ၈၅,၀၀၀ | - | - |
| ၂ | ဘားအံ | ၅၅,၀၀၀ | ၅၅,၀၀၀ | - | - |
| ၃ | မြိတ် | ၆၃,၀၀၀ | ၆၃,၀၀၀ | - | - |
| ၄ | ပဲခူး | ၅၄,၀၀၀ | ၅၄,၀၀၀ | - | - |
| ၅ | ပြည် | ၅၂,၀၀၀ | ၅၂,၀၀၀ | - | - |
| ၆ | မကွေး | ၆၅,၀၀၀ | ၆၀,၀၀၀ | ၅,၀၀၀ | ၈% |
| ၇ | မန္တလေး | ၅၉,၀၀၀ | ၅၈,၀၀၀ | ၁,၀၀၀ | ၂% |
| ၈ | နေပြည်တော် | ၆၀,၀၀၀ | ၅၈,၅၀၀ | ၁,၅၀၀ | ၃% |
| ၉ | ပျဉ်းမနား | ၆၀,၀၀၀ | ၅၈,၅၀၀ | ၁,၅၀၀ | ၃% |
| ၁၀ | မော်လမြိုင် | ၅၇,၀၀၀ | ၅၆,၀၀၀ | ၁,၀၀၀ | ၂% |
| ၁၁ | စစ်တွေ | ၆၅,၀၀၀ | ၆၃,၀၀၀ | ၂,၀၀၀ | ၃% |
| ၁၂ | သန်လျင် | ၅၇,၀၀၀ | ၅၂,၀၀၀ | ၅,၀၀၀ | ၁၀% |
| ၁၃ | တောင်ကြီး | ၆၀,၀၀၀ | ၆၀,၀၀၀ | - | - |
| ၁၄ | လားရှိုး | ၆၂,၀၀၀ | ၆၂,၀၀၀ | - | - |
| ၁၅ | ကျိုင်းတုံ | ၆၉,၀၀၀ | ၆၈,၀၀၀ | ၁,၀၀၀ | ၂% |
| ၁၆ | ပုသိမ် | ၅၈,၀၀၀ | ၅၇,၀၀၀ | ၁,၀၀၀ | ၂% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်ဈေးကွက်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတွင် ဆယ်စုနှစ်များစွာအတွင်း အကြီးမားဆုံးဆန်ရှားပါးပြတ်လပ်မှုနှင့်ရင်ဆိုင်ရနိုင်သည်ဟု လေ့လာဆန်းစစ်သူများကသတိပေးထားကြောင်း၊ ကမ္ဘာတလွှားတွင် ဆန်ထုတ်လုပ်မှုလျော့ကျလာပြီး ဆန်ရောင်းလိုအားနှင့် ဝယ်လိုအားအကြား ကွာဟချက်သည် နှစ်ပေါင်း(၂၀) အတွင်း အကြီးမားဆုံးဖြစ်လာသည်ဟု Fitch Soiution က ထုတ်ပြန်အသိပေးထားကြောင်း၊ ကိုဗစ်ကပ်ရောဂါများ စဖြစ်သည့်အချိန်မှ ဆန်ဈေးနှုန်းများမြင့်တက်လာခဲ့ပြီး ဆန်လိုအပ်ချက်များပြားနေသည့်အတွက် ဆန်ဈေးနှုန်းများ ဆက်လက်မြင့်မားလာနိုင်ကြောင်း Fitch Soiution က သုံးသပ်ထားကြောင်း၊ တရုတ်၊ ပါကစ္စတန်၊ အမေရိကနှင့် ဥရောပနိုင်ငံများတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု လျော့ကျလာခြင်းကြောင့် ကမ္ဘာ့ဆန်ဝယ်လိုအားကို ရောင်းလိုအားက လုံလောက်အောင် မဖြည့်ဆည်းနိုင်ဘဲဖြစ်နေကြောင်း၊ တရုတ်သည်ကမ္ဘာပေါ်တွင် ဆန်အများဆုံးစိုက်ပျိုးထုတ်လုပ်သူဖြစ်ပြီး ပါကစ္စတန်မှာ ကမ္ဘာ့ဆန်ရောင်းလိုအား၏ (၇.၆ %) ကိုစိုက်ပျိုးထုတ်လုပ်ကြောင်း သိရှိရပါသည်။

ဇယား (၄) – ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်တစ်တန် FOB ဈေးနှုန်းများ

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ယခုအပတ် (၂-၅-၂၀၂၃) | ယခင်အပတ် (၂၄-၄-၂၀၂၃) |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၅၁၄ | ၅၁၂ |
| | | ဆန်ဖြူ ၅ % | ၄၉၉ | ၄၉၈ |
| | | ဆန်ဖြူ ၂၅ % | ၄၈၉ | ၄၈၇ |
| | | ပေါင်းဆန် ၁၀၀ % | ၅၁၁ | ၅၀၉ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၄၈၇ | ၄၈၇ |
| | | ဆန်ဖြူ ၂၅ % | ၄၆၇ | ၄၆၇ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၅၁၇ | ၅၁၇ |
| | | ဆန်ဖြူ ၂၅ % | ၄၈၁ | ၄၈၁ |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | ၄၄၂ | ၄၄၂ |
| (င) | မြန်မာ | ဆန်ဖြူ ၅ % | ၄၈၅-၅၀၀ | ၄၈၅-၅၀၀ |
| | | ဆန်ဖြူ ၁၀ % | ၄၇၅-၄၈၅ | ၄၇၅-၄၈၅ |
| | | ဆန်ဖြူ ၁၅ % | ၄၇၀-၄၇၅ | ၄၇၀-၄၇၅ |
| | | ဆန်ဖြူ ၂၅ % | ၄၆၀-၄၆၅ | ၄၆၀-၄၆၅ |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး

၁၃။ ယခုလအတွင်း (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ထိ) ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၈၇.၂၄၀)သန်း၊ တန်ချိန် (၁၁၃,၁၇၆.၄၈)ရှိခဲ့ပြီး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၂၉.၅၆)သန်း၊ တန်ချိန် (၃၈,၀၃၄.၀၂) ဖြင့် အများဆုံး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၂၃.၃၃)သန်း၊ တန်ချိန် (၃၅,၀၄၄) ဖြင့် ဒုတိယအများဆုံးနှင့် ပဲစဉ်းငုံ တန်ဘိုး ဒေါ်လာ(၁၃.၆၅)သန်း၊ တန်ချိန် (၁၇,၀၇၆.၀၃) ဖြင့် တတိယအများဆုံး တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၆၊ ၇)


ဇယား(၅) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၈ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | ၁,၄၇၀.၆၆ | ၈၇.၂၄ | ၁၁၂.၂၄ | - ၂၅. | - ၂၂% |
| | | တန်ချိန် | ၁,၉၁၉,၁၅၆.၁၀ | ၁၁၃,၁၇၆.၄၈ | ၁၄၇,၈၇၉.၀၄ | - ၃၄,၇၀၂.၅၆ | - ၂၃% |
| ၁ | မတ်ပဲ | US$ | ၅၃၁.၈၀ | ၂၉.၅၆ | ၁၆.၂၉ | ၁၃.၂၆ | ၈၁% |
| | | တန်ချိန် | ၆၄၉,၉၄၀.၂၃ | ၃၈,၀၃၄.၀၂ | ၂၀,၅၇၃. | ၁၇,၄၆၁.၀၂ | ၈၅% |
| ၂ | ပဲတီစိမ်း | US$ | ၄၈၉.၀၉ | ၂၃.၃၃ | ၅၈.၄၄ | - ၃၅.၁၂ | - ၆၀% |
| | | တန်ချိန် | ၆၉၁,၃၉၉.၂၉ | ၃၅,၀၄၄. | ၇၅,၅၀၀.၉၁ | - ၄၀,၄၅၆.၉၁ | - ၅၄% |
| ၃ | ပဲစင်းငုံ | US$ | ၁၈၇.၃၉ | ၁၃.၆၅ | ၂.၇၇ | ၁၀.၈၈ | ၃၉၃% |
| | | တန်ချိန် | ၂၃၉,၅၃၇.၇၃ | ၁၇,၀၇၆.၀၂ | ၃,၈၀၂.၇၅ | ၁၃,၂၇၃.၂၇ | ၃၄၉% |
| ၄ | ကုလားပဲ | US$ | ၁၃.၁၄ | ၀.၀၄ | ၁.၄ | - ၁.၃၆ | - ၉၇% |
| | | တန်ချိန် | ၁၈,၆၇၆.၈၆ | ၄၆.၂၃ | ၂,၀၈၆.၂၃ | - ၂၀၄၀. | - ၉၈% |
| ၅ | ပဲလွန်းဖြူ | US$ | ၄၀.၅၈ | ၄.၃၉ | ၄.၃၂ | ၀.၀၇ | ၂% |
| | | တန်ချိန် | ၆၄,၀၀၁.၇၉ | ၇,၂၄၇.၃၉ | ၆,၅၁၅.၀၂ | ၇၃၂.၃၇ | ၁၁% |
| ၆ | မြေထောက်ပဲ | US$ | ၅၀.၃၁ | ၂.၃၈ | ၁၀.၉၈ | - ၈.၆ | - ၇၈% |
| | | တန်ချိန် | ၅၉,၄၂၅.၇၁ | ၁,၉၅၃.၃၈ | ၁၅,၄၄၅.၄ | - ၁၃,၄၉၂.၀၂ | - ၈၇% |
| ၇ | ထောပတ်ပဲ | US$ | ၂၇.၀၂ | ၅.၄ | ၃.၆၄ | ၁.၇၆ | ၄၈% |
| | | တန်ချိန် | ၃၃,၈၀၂.၉၈ | ၅,၃၈၁.၅၇ | ၄,၄၇၂.၈၆ | ၉၀၈.၇၁ | ၂၀% |
| ၈ | ပဲယင်း | US$ | ၆၀.၇၇ | ၃.၃၅ | ၅.၆၈ | - ၂.၃၃ | - ၄၁% |
| | | တန်ချိန် | ၈,၄၆၇၂.၆၁ | ၃,၉၆၅.၉၆ | ၇,၉၇၀.၉၁ | - ၄,၀၀၄.၉၅ | - ၅၀% |
| ၉ | ပဲကြီး | US$ | ၅.၅ | ၀.၅၃ | ၁.၅၇ | - ၁.၀၄ | - ၆၆% |
| | | တန်ချိန် | ၇,၇၇၂.၉၅ | ၅၃၀.၃၅ | ၂,၃၄၃.၂၅ | - ၁၈၁၂.၉ | - ၇၇% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၅.၃၃ | ၀.၄၇ | ၀.၉၅ | - ၀.၄၈ | - ၅၁% |
| | | တန်ချိန် | ၈,၅၁၃.၈၆ | ၇၄၂.၅၂ | ၁,၃၄၃.၄၄ | - ၆၀၀.၉၂ | - ၄၅% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၅.၂၆ | ၀.၀၄ | ၂.၁၄ | - ၂.၁ | - ၉၈% |
| | | တန်ချိန် | ၂၀,၉၀၈.၈၅ | ၆၂.၅ | ၂,၈၉၇.၄ | - ၂၈၃၄.၉ | - ၉၈% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၂၁ | ၀.၀၁ | ၀.၀၆ | - ၀.၀၅ | - ၈၃% |
| | | တန်ချိန် | ၂၂၃.၅၁ | ၄.၇၄ | ၆၆. | - ၆၁.၂၆ | - ၉၃% |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၈ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၃-၂၀၂၄) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| ၁၃ | ပဲနီကြီး | US$ | ၂.၂၈ | ၀.၂၂ | ၀.၂၂ | - | - |
| | | တန်ချိန် | ၅,၅၂၀.၃၀ | ၄၂၈.၀၀ | ၅၄၁.၀၀ | - ၁၁၃.၀၀ | - ၂၁% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၈၇ | ၀.၀၉ | ၀.၀၆ | ၀.၀၃ | ၅၀% |
| | | တန်ချိန် | ၁,၂၀၇.၄၁ | ၁၁၈.၀၀ | ၇၃.၅၀ | ၄၄.၅ | ၆၁% |
| ၁၅ | မြေပဲဆံ | US$ | ၄၀.၁၆ | ၃.၇၁ | ၃.၃၃ | ၀.၃၈ | ၁၁% |
| | | တန်ချိန် | ၃၂,၀၄၆.၁၇ | ၂,၄၃၆.၈၀ | ၃,၅၈၂.၆၁ | - ၁,၁၄၅.၈၁ | - ၃၂% |
| ၁၆ | အခြားပဲ | US$ | ၀.၉၆ | ၀.၀၆ | ၀.၃၇ | - ၀.၃၁ | - ၈၄% |
| | | တန်ချိန် | ၁,၅၀၅.၈၃ | ၁၀၅.၀၀ | ၆၆၄.၇၅ | - ၅၅၉.၇၅ | - ၈၄% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဇယား

၁၄။ **ပဲမျိုးစုံ** တင်ပို့မှုအနေဖြင့် ယခုအပတ်တွင် တန်ချိန် (၃၅,၀၀၀) ၊ တန်ဖိုး ဒေါ်လာ (၂၇) သန်းကျော်တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ မတ်ပဲတန်ချိန် (၁၅,၀၀၀)၊ ပဲတီစိမ်းတန်ချိန် (၈,၀၀၀) ခန့်၊ ပဲစဉ်းငုံ နှင့် အခြားပဲတန်ချိန် (၅,၀၀၀) ကျော်စီနှင့် နယ်စပ်မှ ပဲတီစိမ်း (၁,၅၉၂)တန်၊ မတ်ပဲ (၁၉၂)တန်၊ မြေပဲဆံ (၄၀၂) တန်နှင့်အခြားပဲ (၅၀၅) တန်အား တရုတ်နှင့်ထိုင်းနိုင်ငံများသို့တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

၁၅။ ပြည်တွင်းပဲမျိုးစုံဈေးကွက်အနေဖြင့် ဧပြီလကုန်ပိုင်းတွင် မတ်ပဲနှင့်ပဲစဉ်းငုံဈေးမှာ ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးစံချိန်ဖြစ်သည့် မတ်ပဲ (FAQ) နှင့် ပဲစဉ်းငုံနီ (FAQ) တစ်တန်

ကျပ်(၂,၁၀၀,၀၀၀) ကျော် မြင့်တက်လာကြောင်း၊ ရန်ကုန်ဘုရင့်နောင်စျေးကွက်တွင် မက်ထရစ်တစ်တန်လျှင် မတ်ပဲ (FAQ) ကျပ် (၂,၅၀၀,၀၀၀) နီးပါး၊ ပဲစဉ်းငုံနီ (RC) မှာ ကျပ် (၂,၄၅၀,၀၀၀)ထိ မြင့်တက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစဉ်းငုံများ ဝယ်ယူတင်သွင်းနေသော အိန္ဒိယနိုင်ငံတွင် ပြည်တွင်းပဲမျိုးစုံထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းကြောင့် ပြည်ပမှအဝယ်များနေပြီး အိန္ဒိယအစိုးရမှာလည်း ပဲစျေးမြင့်တက်နေမှုကို ထိမ်းရန်အတွက် ပဲသိုလှောင်မှုအခြေအနေကို စောင့်ကြည့်နေရကြောင်း၊ အိန္ဒိယဘက်မှ ပဲစျေးခန့်မှန်းချက်များအရ မြန်မာမတ်ပဲစျေးသည် တစ်တန်စျေးအရသာမက ကွမ်တယ်စျေးအရပါ ဆက်လက်တက်နိုင်ခြေရှိကြောင်းသိရပြီး လက်ရှိအိန္ဒိယမိုဘိုင်းစျေးကွက်တွင် မတ်ပဲတစ်ကွမ်တယ်လျှင် (၉၂၈-၉၄၇)ဒေါ်လာ၊ ပဲစဉ်းငုံတစ်ကွမ်တယ်လျှင် (၉၈၉-၁၀၁၄) ဒေါ်လာ ရှိကြောင်းသိရှိရပါသည်။

ဇယား (၆) – ပဲမျိုးစုံပြည်တွင်းစျေးနှုန်းများ

ကျပ်/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၇၆၉,၄၀၀ | ၁,၆၇၀,၀၀၀ | ၁,၉၅၀,၇၀၀ | ၁,၂၀၂,၅၀၀ | ၁,၉၇၄,၀၀၀ | ၁,၀၆၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၂၆၈,၃၀၀ | ၁,၉၅၀,၇၀၀ | ၁,၄၆၀,၅၀၀ | ၂,၃၉၇,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၂၆,၅၀၀ | ၁,၄၁၀,၀၀၀ | ၂,၀၄၂,၃၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၂,၀၆၄,၀၀၀ | ၁,၆၁၅,၁၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၀,၀၀၀ | ၂,၁၁၅,၀၀၀ | ၁,၅၅၁,၄၀၀ | ၂,၂၄၇,၅၀၀ |
| ဧပြီ | ၁,၄၂၇,၃၀၀ | ၂,၁၁၈,၉၀၀ | ၁,၅၈၃,၀၀၀ | ၂,၂၉၆,၅၀၀ | ၁,၁၁၅,၀၀၀ | ၂,၁၇၀,၀၀၀ | ၁,၄၈၁,၉၀၀ | ၂၃,၄၈,၅၀၀ |
| မေ | ၁,၄၆၉,၇၀၀ | | ၁,၆၁၅,၁၀၀ | | ၁,၁၅၈,၇၅၀ | | ၁,၆၁၅,၁၀၀ | |
| ဇွန် | ၁,၅၈၃,၀၀၀ | | ၁,၆၁၅,၁၀၀ | | ၁,၁၃၀,၀၀၀ | | ၁,၆၈၄,၁၀၀ | |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | | ၁,၆၈၄,၁၀၀ | | ၁,၄၄၇,၅၀၀ | | ၁,၆၅၄,၁၀၀ | |
| ဩဂုတ် | ၁,၈၉၀,၀၀၀ | | ၁,၇၁၆,၁၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၂၂၃,၄၀၀ | |
| စက်တင်ဘာ | ၂,၀၁၆,၂၀၀ | | ၂,၁၁၄,၁၀၀ | | ၂,၁၁၀,၀၀၀ | | ၂,၁၄၃,၄၀၀ | |
| အောက်တိုဘာ | ၁,၈၁၂,၇၀၀ | | ၁,၉၉၀,၁၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၀၉၁,၁၀၀ | |
| နိုဝင်ဘာ | ၁,၈၁၁,၂၀၀ | | ၁,၈၁၉,၂၀၀ | | ၁,၇၉၀,၀၀၀ | | ၂,၀၀၀,၀၀၀ | |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | | ၁,၈၀၆,၂၀၀ | | ၁,၆၄၀,၀၀၀ | | ၂,၁၆၁,၁၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၇) – ပဲမျိုးစုံ FOB ပြည်တွင်းဈေးနှုန်းများ

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၉၆၉ | ၇၉၀ | ၉၂၂ | ၈၉၀ | ၆၀၄ | ၈၈၀ | ၆၀၀ | ၈၂၅ |
| ဖေဖော်ဝါရီ | ၇၄၀ | ၈၇၅ | ၉၇၀ | ၁,၁၀၀ | ၆၅၅ | ၈၉၀ | ၈၂၅ | ၈၇၅ |
| မတ် | ၇၆၅ | ၉၁၅ | ၉၁၀ | ၁,၀၄၀ | ၇၄၅ | ၁,၀၁၅ | ၇၀၀ | ၁,၀၃၅ |
| ဧပြီ | ၈၂၀ | ၉၅၀ | ၉၅၀ | ၁,၀၅၀ | ၇၇၀ | ၁,၀၅၀ | ၈၆၁ | ၁,၀၇၀ |
| မေ | ၈၇၅ | | ၉၇၀ | | ၇၄၀ | | ၇၅၀ | |
| ဇွန် | ၉၀၅ | | ၉၄၀ | | ၇၆၀ | | ၇၅၀ | |
| ဇူလိုင် | ၉၂၅ | | ၉၇၅ | | ၈၂၀ | | ၇၅၀ | |
| ဩဂုတ် | ၉၄၅ | | ၈၉၅ | | ၁,၀၀၀ | | ၈၂၅ | |
| စက်တင်ဘာ | ၈၆၀ | | ၉၄၅ | | ၈၉၅ | | ၇၇၅ | |
| အောက်တိုဘာ | ၈၂၅ | | ၈၇၅ | | ၈၅၅ | | ၇၅၀ | |
| နိုဝင်ဘာ | ၈၁၅ | | ၈၂၅ | | ၈၁၀ | | ၇၂၅ | |
| ဒီဇင်ဘာ | ၈၀၅ | | ၈၇၀ | | ၇၅၀ | | ၇၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၈) – နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံတရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | ၁–၅–၂၀၂၃ |
| ၁ | မတ်ပဲ | | | | | | | ၆၇၁ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၅၆ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၉၄၇ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၈၂ |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပြောင်း

၁၆။ (၁–၄–၂၀၂၃ မှ ၂၈–၄–၂၀၂၃ထိ) ပြည်ပပို့ကုန်တင်ပို့မှုတွင် ပြောင်း တန်ဘိုးဒေါ်လာ (၃၄.၄၆) သန်း၊ တန်ချိန် (၁၁၁,၂၁၃.၆) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ပြောင်းကို ပင်လယ်ရေကြောင်းမှ ထိုင်းသို့ တန်ချိန် (၂၀,၀၀၀) ကျော်၊ ဖိလစ်ပိုင်သို့ (၄၆၁) တန်နှင့် နယ်စပ်တင်ပို့မှုတွင် မူဆယ်မှ

(၈၉၃) တန်၊ ချင်းရွှေဟော်မှ (၂၇၄) တန်၊ တာချီလိတ်မှ တန်ချိန်(၅,၀၀၀)ကျော်နှင့် မြဝတီမှ တန်ချိန် (၂၅,၀၀၀) ခန့် တင်ပို့ခဲ့ကြောင်း၊ ထိုင်းနယ်စပ်မှ မြန်မာ့ပြောင်းအား နှစ်စဉ် ဖော်ဖော်ဝါရီ (၁) ရက်မှ ဩဂုတ်လ (၃၁) ရက်ထိ (၇)လကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းပြီး ထိုင်းပြောင်း ထွက်ရှိမည့် စက်တင်ဘာလ (၁) ရက်နောက်ပိုင်း အခွန် ၄၅% သတ်မှတ်ကောက်ခံသဖြင့် ထိုင်းနိုင်ငံသို့ အခွန်လွတ်စနစ်ဖြင့် တင်ပို့လျက်ရှိကြောင်းသိရှိရပါသည်။

ဇယား (၉) – ပြည်တွင်းပြောင်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၂၈-၄-၂၀၂၃) | ယခင်အပတ် (၂၁-၄-၂၀၂၃) |
|---|---|---|---|
| ၁ | ရန်ကုန် | ၇၀၅,၀၀၀ | ၇၂၀,၀၀၀ |
| ၂ | မန္တလေး | ၆၀၀,၀၀၀ | ၆၂၇,၀၀၀ |
| ၃ | ရှမ်း(တောင်) | ၅၉၉,၀၀၀ | ၆၁၈,၀၀၀ |
| ၄ | ရှမ်း (မြောက်) | ၅၉၇,၀၀၀ | ၆၁၈,၈၀၀ |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၀) – နိုင်ငံအလိုက်ပြောင်းဈေးနှုန်းများ

တန်ဘိုး– USD

| စဉ် | နိုင်ငံ | ယခုအပတ် (၂၈-၄-၂၀၂၃) | ယခင်အပတ် (၂၁-၄-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | အိန္ဒိယ | ၂၃၉ | ၂၅၃ | – ၁၅ | – ၅.၈၉% |
| ၂ | တရုတ် | ၃၁၀ | ၃၃၀ | – ၂၀ | – ၆.၀၆ |
| ၃ | ပါကစ္စတန် | ၂၆၄ | ၂၅၉ | ၅ | ၂.၀၅% |
| ၄ | ဂျပန် | ၂၅၀ | ၂၆၁ | – ၁၁ | – ၄.၂၆% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်း တန်ဘိုး ဒေါ်လာ (၁၃.၀၄) သန်း၊ တန်ချိန် (၁၀,၅၂၄.၇၉) သန်း ရှိပြီး ပင်လယ်ရေကြောင်းမှ မလေးရှား၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ အင်ဒိုနီးရှားနိုင်ငံများသို့တင်ပို့မှုရှိပြီး နယ်စပ်တင်ပို့မှုတွင် ချင်းရွှေဟော်၊ မြိတ်စခန်းနှင့် ကျိုင်းတုံတို့မှ တင်ပို့မှုရှိကြောင်း၊ ပြည်တွင်းရာဘာဈေးကွက်အနေဖြင့် မတ်လ

ပထမပတ်တွင် ရာဘာအထူခြောက် တစ်ပေါင်လျှင် (၁,၀၀၀) ကျပ် မှ မတ်လတတိယပတ်တွင် (၉၄၅) ကျပ်သို့ ကျဆင်းခဲ့ပြီး ဧပြီလတွင် (၁,၂၀၀) ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ပြည်ပဈေးကွက်များ ဖြစ်သော တရုတ်ဈေးကွက်နှင့် ထိုင်းဈေးကွက်များတွင်လည်း ဈေးကောင်းလျှက်ရှိကြောင်းသိရှိရပါသည်။

ဇယား (၁၁)- ပြည်တွင်းရာဘာဈေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS-၃ (မော်လမြိုင်) | | RSS-၅ (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၂၉.၃၁ | ၂၄.၅၁ | ၂၇.၁ |
| ၄ | ဧပြီ | ၂၆.၈၁ | ၂၉.၀၉ | ၂၄.၅၇ | ၂၆.၈၈ |
| ၅ | မေ | ၂၃.၁၁ | | ၂၀.၉၁ | |
| ၆ | ဇွန် | ၂၅.၇၆ | | ၂၃.၅၅ | |
| ၇ | ဇူလိုင် | ၂၅.၆၉ | | ၂၃.၄၈ | |
| ၈ | ဩဂုတ် | ၃၀.၀၈ | | ၂၇.၆၄ | |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | | ၂၉.၄၁ | |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | | ၂၉.၈၆ | |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | | ၂၄.၉၇ | |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၂) - ပြည်ပရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-၃ (ထိုင်း) | | RSS-၅ (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | ၁,၇၂၅ | ၂,၂၀၈ | ၁,၇၀၄ |
| ၄ | ဧပြီ | ၂,၃၃၈ | ၁,၇၄၇ | ၂,၃၂၃ | ၁,၇၂၄ |
| ၅ | မေ | ၂,၁၈၆ | | ၂,၀၅၂ | |
| ၆ | ဇွန် | ၂,၁၁၃ | | ၂,၀၉၁ | |
| ၇ | ဇူလိုင် | ၁,၈၈၂ | | ၁,၈၆၁ | |
| ၈ | ဩဂုတ် | ၁,၇၁၅ | | ၁,၆၉၄ | |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | | ၁,၅၅၇ | |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | | ၁,၆၀၆ | |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | | ၁,၅၃၃ | |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**နှမ်း**

၁၈။ (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ ထိ)သီးနှံ နှမ်းတင်ပို့မှုအနေဖြင့် တန်ဘိုး ဒေါ်လာ (၅.၆၅) သန်း၊ တန်ချိန် (၃,၉၀၀.၇၂) သန်း တင်ပို့ခဲ့ပါသည်။ ပြည်ပသို့ ယခုအပတ်တွင် ပင်လယ်ရေကြောင်းမှ တရုတ်၊ ထိုင်း၊ UAE ၊ စင်္ကာပူ၊ ထိုင်ဝမ်နိုင်ငံများနှင့် နယ်စပ်မှ မူဆယ်၊ ချင်းရွှေဟော်စခန်းတို့မှ နှမ်းတန်ချိန် (၄၆၆)တန်နှင့်တန်ဖိုး ကန်ဒေါ်လာ (၀.၆၅) တင်ပို့မှုရှိကြောင်း၊ ပြည်တွင်းနှမ်းဈေးကွက်တွင် နှမ်းလက်ကျန်နည်းခြင်း၊ တရုတ်ဘက်မှအဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေခြင်းကြောင့် နှမ်း ၄၅ ပိဿာဝင်တစ်အိတ်လျှင် (၁၅၀,၀၀၀) ဝန်းကျင်မှ ကျပ်(၃၀၀,၀၀၀) ဝန်းကျင်ထိ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ဇယား (၁၃) - ပြည်တွင်းနှမ်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၂၈-၄-၂၀၂၃) | ယခင်အပတ် (၂၁-၄-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၃,၆၃၀,၀၀၀ | ၃,၆၃၀,၀၀၀ | - | - |
| | မကွေး | ၃,၆၂၄,၀၀၀ | ၃,၆၂၄,၀၀၀ | - | - |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၃,၇၄၄,၀၀၀ | ၃,၆၂၀,၀၀၀ | ၁၂၄,၀၀၀ | ၃.၃၁% |
| | မကွေး | ၃,၇၃၅,၀၀၀ | ၃,၆၂၅,၀၀၀ | ၁၁၀,၀၀၀ | ၂.၉၅% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၄) - နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

USD/ တန်

| စဉ် | နိုင်ငံ | ယခုအပတ် (၂၈-၄-၂၀၂၃) | ယခင်အပတ် (၂၁-၄-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၁,၆၂၇ | ၁,၇၁၅ | - ၈၈ | - ၅.၁၅% |
| | တရုတ် | ၁,၆၈၀ | ၁,၆၈၅ | - ၅ | - ၀.၃၀% |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၆၉၁ | ၁,၆၄၅ | ၄၆ | ၂.၈% |
| | တရုတ် | ၁,၇၇၀ | ၁,၇၂၀ | ၅၀ | ၂.၉၁ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

# ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၈,၄၄၅.၅၄) ၊ တန်ဖိုးဒေါ်လာ (၁၁.၄၄) သန်း၊ ပုဇွန်မှာ တန်ချိန် (၄၀၁.၈၆)၊ တန်ဖိုး ဒေါ်လာ (၁.၆၉) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၇,၃၂၁.၀၉)၊ တန်ဖိုးဒေါ်လာ (၁၆.၂၄) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။ ဇယား (၁၅)

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၁၉,၂၆၇.၃၂)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁၅.၄၁) သန်း၊ ပုဇွန်မှာ တန်ချိန် (၂၀၈.၆၃)၊ တန်ဖိုးဒေါ်လာ (၁.၀၄)၊ အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၉၃၄.၂၅) တန်ဖိုးဒေါ်လာ (၄.၀၈) သန်းစီ အသီးသီးလျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါဇယားအရ သိရှိရပါသည်။ ဇယား (၁၅)

ဇယား (၁၅) - ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရှိုးရှိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၅,၉၉၈.၄၄** | **၈.၇၁** | **၃၈၆.၅၂** | **၁.၅၉** | **၂,၂၄၆.၈၁** | **၆.၈၉** | **၈,၆၃၁.၇၆** | **၁၇.၂** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၅,၉၉၈.၄၄ | ၈.၇၁ | ၃၈၆.၅၂ | ၁.၅၉ | ၂,၂၄၆.၈၁ | ၆.၈၉ | **၈,၆၃၁.၇၆** | **၁၇.၂** |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၂,၄၄၇.၁၀** | **၂.၇၃** | **၁၅.၃၄** | **၀.၀၉** | **၅,၀၇၄.၂၈** | **၉.၃၅** | **၇,၅၃၆.၇၂** | **၁၂.၁၇** |
| | (က) မြဝတီ | ၁၄၉.၆၃ | ၀.၁၆ | ၂.၃၂ | ၀.၀၂ | ၇၁.၁၈ | ၀.၁၆ | **၂၂၃.၁၃** | **၀.၃၅** |
| | ( ခ ) ကော့သောင်း | ၁,၇၆၅.၉၈ | ၁.၇၁ | ၁၃.၀၂ | ၀.၀၇ | ၁၉၇.၈၉ | ၀.၅၁ | **၁,၉၇၆.၈၉** | **၂.၂၉** |
| | ( ဂ ) စစ်တွေ | ၀. | ၀. | ၀ | ၀. | ၀ | ၀. | **၀.** | **၀.** |
| | (ဃ) မြိတ် | ၀. | ၀. | ၀. | ၀. | ၁,၂၇၅.၀၀ | ၁.၁၅ | **၁,၂၇၅.၀၀** | **၁.၁၅** |
| | ( င ) မူဆယ် | ၁၂၂.၃၉ | ၀.၃၃ | ၀ | ၀ | ၃,၀၄၅.၃၃ | ၇.၂၇ | **၃,၁၆၇.၇၂** | **၇.၆** |
| | ( စ ) မောင်တော | ၃၉၃.၆၀ | ၀.၅၁ | ၀ | ၀ | ၂၀.၀၀ | ၀.၀၂ | **၄၁၃.၆၀** | **၀.၅၃** |
| | (ဆ) မောတောင် | ၁၅.၅၀ | ၀.၀၂ | ၀. | ၀. | ၁၀.၃၈ | ၀.၀၂ | **၂၅.၈၈** | **၀.၀၃** |
| | (ဇ)ကျိုင်းလတ် | | | | ၀. | ၄၅၄.၅၀ | ၀.၂၂ | **၄၅၄.၅၀** | **၀.၂၂** |
| ၂၀၂၃-၂၀၂၄ ခုနှစ် ဧပြီလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၈,၄၄၅.၅၄ | ၁၁.၄၄ | ၄၀၁.၈၆ | ၁.၆၉ | ၇,၃၂၁.၀၉ | ၁၆.၂၄ | ၁၆,၁၆၈.၄၉ | ၂၉.၃၇ |
| ၂၀၂၂-၂၃ ခုနှစ် ဧပြီလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၂၇,၇၁၂.၈၆ | ၂၆.၈၅ | ၆၁၀.၄၉ | ၂.၇၃ | ၉,၂၅၅.၃၄ | ၂၀.၃၂ | ၃၇,၅၇၈.၆၉ | ၄၉.၉၁ |
| ခြားနားချက် | | -၁၉,၂၆၇.၃၂ | -၁၅.၄၁ | -၂၀၈.၆၃ | -၁.၀၄ | -၁,၉၃၄.၂၅ | -၄.၀၈ | -၂၁,၄၁၀.၂၀ | -၂၀.၅၄ |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှ သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၈,၆၈၁.၈၄) သန်းရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၁,၇၃၅၂.၇၂) သန်းရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၁,၃၂၉.၁၂) သန်း (၇%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ (၂၈) ရက်ထိ သွင်းကုန် တင်သွင်းမှုအခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း (၁-၄-၂၀၂၃) မှ (၂၈-၄-၂၀၂၃) ထိ သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ (၁,၄၄၂.၂၃) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၃၆၄.၉၆) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၆၇၃.၂၇) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁၈၂.၇၅) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၂၂၁.၂၆) သန်းပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-ဂ)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၃) မှ (၂၈-၄-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၄၅,၉၈၈) ၊ တန်ဖိုးဒေါ်လာ (၄၈.၇၂) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၆၃,၇၈၅) ၊ တန်ဖိုး ဒေါ်လာ (၂၇.၂၃) သန်း၊ **ဂျုံစေ့** တန်ချိန် (၄၈,၁၇၁) ၊ တန်ဖိုး ဒေါ်လာ (၂၂.၁၄) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၇၆)၊ တန်ဖိုး ဒေါ်လာ (၀.၀၄ ) သန်း ပါရှိခဲ့ပါသည်။ (ဇယား -၅၊ ပုံ-၈၊ ၉)

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၁,၃၀၄) ၊ တန်ဖိုးဒေါ်လာ (၁.၈၅) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၉၈၅)၊ တန်ဖိုးဒေါ်လာ (၁.၄၆) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၁,၀၀၁)၊ တန်ဖိုးဒေါ်လာ (၃.၂၉ )သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၆)


၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ (၂၈) ရက်ထိ **မြေဩဇာတင်သွင်းမှု**တွင် စုစုပေါင်း တန်ချိန် (၆၅,၄၀၁) တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၄၃,၈၇၉ ) တန်၊ ဖော့စဖိတ် (၁,၉၀၁) တန်၊ ပိုတက်စီယမ် (၄,၅၁၃) တန်၊ ကွန်ပေါင်း (၁၄,၃၅၅ )တန်၊ ဖော်လာ(၁၅ ) တန်၊ အော်ဂဲနစ်(၁၂၅ ) တန်၊ ဂျစ်ပဆန်(၄၅၀) တန်နှင့် အခြားမြေဩဇာ စုစုပေါင်း (၁၆၃) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက် တွဲ ဇယား-ဃ)

## ဇယား (၁၆) – အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ ၂၈ ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | US$ | **၅၂၆.၁** | **၂၆၂.၀** | **၂၆၄.၁၀** | **၁၀၁%** |
| ၁ | ဒီဇယ် | US$ | ၂၂၈.၃၉ | ၉၅.၉၇ | ၁၃၂.၄၂ | ၁၃၈% |
| | | တန် | ၂၆၁,၄၇၃ | ၁၀၅,၂၈၄ | ၁၅၆,၁၈၉ | ၁၄၈% |
| ၂ | ဓါတ်ဆီ | US$ | ၁၆၈.၅၉ | ၄၅.၃၄ | ၁၂၃.၂၅ | ၂၇၂% |
| | | တန် | ၁၆၉,၇၇၀ | ၄၁,၆၉၈ | ၁၂၈,၀၇၂ | ၃၀၇% |
| ၃ | စားအုန်းဆီ | US$ | ၄၈.၇၂ | ၆၇.၉၃ | - ၁၉.၂၁ | - ၂၈% |
| | | တန် | ၄၅,၉၈၈ | ၃၉,၅၈၄ | ၆,၄၀၄ | ၁၆% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | **၂၂.၅၃** | **၂၃.၆၃** | - ၁.၁၀ | - ၅% |
| | | စီး | **၅၉၃** | **၄၂၂** | ၁၇၁ | ၄၁% |
| | လူစီးယာဉ် | US$ | ၁.၅၁ | ၁.၃၇ | ၀.၁၄ | ၁၀% |
| | | စီး | ၆၀ | ၉၂ | - ၃၂ | - ၃၅% |
| | ဘတ်စ် | US$ | | ၀.၆၇ | - ၀.၆၇ | - ၁၀၀% |
| | | စီး | | ၄၀ | - ၄၀ | - ၁၀၀% |
| | ထရပ် | US$ | ၁.၅၇ | ၁.၅၉ | - ၀.၀၂ | - ၁% |
| | | စီး | ၇၄ | ၁၁၂ | - ၃၈ | - ၃၄% |
| | ယန္တယား | US$ | ၁၅.၁၂ | ၁၃.၇၈ | ၁.၃၄ | ၁၀% |
| | | စီး | ၄၅၉ | ၁၇၈ | ၂၈၁ | ၁၅၈% |
| | ယာဉ်အပိုပစ္စည်း | US$ | ၄.၃၄ | ၆.၂၁ | - ၁.၈၇ | - ၃၀% |
| ၅ | ဘိလပ်မြေ | US$ | ၁.၈၄ | ၄.၉၂ | - ၃.၀၈ | - ၆၃% |
| | | တန် | ၂၁,၀၃၅ | ၅၉,၀၄၇ | - ၃၈၀၁၂ | - ၆၄% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၂၇.၂၃ | ၁၁.၈၇ | ၁၅.၃၅ | ၁၂၉% |
| | | တန် | ၆၃,၇၈၅ | ၂၁,၁၀၂ | ၄၂,၆၈၃ | ၂၀၂% |
| ၇ | ဂျုံစေ့ | US$ | ၂၂.၁၄ | ၅.၆၃ | ၁၆.၅၁ | ၂၉၃% |
| | | တန် | ၄၈,၁၇၁ | ၁၂,၁၁၈ | ၃၆,၀၅၃ | ၂၉၈% |
| ၈ | ဂျုံမှုန့် | US$ | ၀.၀၄ | ၀.၂၅ | - ၀.၂၂ | - ၈၈% |
| | | တန် | ၇၆ | ၃၉၄ | - ၃၁၈ | - ၈၁% |
| ၉ | နို့ဆီ | US$ | ၁.၈၅ | ၁.၄၁ | ၀.၄၄ | ၃၁% |
| | | တန် | ၁,၃၀၄ | ၁,၀၀၃ | ၃၀၁ | ၃၀% |
| ၁၀ | နို့စိမ်း | US$ | ၁.၄၅ | ၄.၀၁ | - ၂.၅၆ | - ၆၄% |
| | | တန် | ၉၈၅ | ၂,၇၇၁ | - ၁,၇၈၆ | - ၆၄% |
| ၁၁ | နို့မှုန့် | US$ | ၃.၂၉ | ၀.၉၉ | ၂.၃၀ | ၂၃၂% |
| | | တန် | ၁၀,၀၁ | ၂၆၂ | ၇၃၉ | ၂၈၂% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၈)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၉)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်–တန်ချိန်

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁–၄–၂၀၂၃) မှ (၂၈–၄–၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၁,၄၄၂.၂၃) သန်း ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၁,၀၉၆.၅၀)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၃၄၅.၇၉) (၃၂%) တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား–၁၇)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၆၇၃.၂၇) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၃၆၄.၉၆) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၃၅၄.၉၅) ဖြင့် အများဆုံး၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၂၇၉.၅၁)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား–၁၇)

## ဇယား (၁၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန် အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၂၈-၄-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြုပ်နှံမှု ကုန်ပစ္စည်း | ၁၅၀.၆ | ၂၁၄.၃၂ | ၃၆၄.၉၆ | ၃၆.၄၈ | ၂၄၃.၀၃ | ၂၇၉.၅၁ | ၁၁၄.၁၆ | - ၂၈.၇၁ | ၈၅.၄၅ | ၃၁% |
| ၂ | လုပ်ငန်းသုံးကုန် ကြမ်းပစ္စည်း | ၅၆.၅၇ | ၆၁၆.၇ | ၆၇၃.၂၇ | ၁၀.၄၄ | ၃၄၄.၅၂ | ၃၅၄.၉၅ | ၄၆.၁၃ | ၂၇၂.၁၈ | ၃၁၈.၃၂ | ၉၀% |
| ၃ | လူသုံးကုန် ပစ္စည်း | ၁.၉၅ | ၁၈၀.၈ | ၁၈၂.၇၅ | ၀.၇၈ | ၂၃၀.၆၅ | ၂၃၁.၄၃ | ၁.၁၇ | - ၄၉.၈၅ | - ၄၈.၆၈ | - ၂၁% |
| ၄ | CMP | - | ၂၂၁.၂၆ | ၂၂၁.၂၆ | | ၂၃၀.၅၅ | ၂၃၀.၅၅ | - | - ၉.၂၉ | - ၉.၂၉ | - ၄% |
| | စုစုပေါင်း | ၂၀၉.၁၅ | ၁၂၃၃.၀၇ | ၁၄၄၂.၂၃ | ၄၇.၆၉ | ၁၀၄၈.၇၆ | ၁၀၉၆.၄၅ | ၁၆၁.၄၆ | ၁၈၄.၃၁ | ၃၄၅.၇၇ | ၃၂% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၆,၄၀၄) ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၁၉.၂၁)သန်း လျော့နည်း ခဲ့သည်။ **ဂျုံစေ့**မှာ တန်ချိန် (၃၆,၀၅၃)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၆.၅၁) သန်း ပိုမိုတင်သွင်း ခဲ့သည်ကိုတွေ့ရပြီး၊ အခြားကုန်စည်များဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၃၁၈.၀၀) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၀.၂၂) သန်း လျော့နည်းတင်သွင်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာ တန်ချိန် အားဖြင့် (၄၂,၆၈၃)တန် နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၅.၃၅)သန်း တိုးမြှင့် တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား -၁၆)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃) ထိ ပို့ကုန်တင်ပို့မှု စုစုပေါင်း ဒေါ်လာသန်း (၈၆၉.၇၇) တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၂၃၉.၇၂) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၀.၃၁) သန်း၊ ရေထွက် ဒေါ်လာ(၂၅.၄၅) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၁.၀၃)သန်း၊ သစ်တောထွက် ဒေါ်လာ(၄.၈၆)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၅၄၄.၁၅) သန်းနှင့် အခြား ဒေါ်လာ (၄၄.၂၆) သန်း ပါဝင်ခဲ့သည်ကိုတွေ့ရှိရပြီး ယခင်နှစ်အလားတူကာလထက် လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၉၁.၈၁) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၂.၀၆) သန်း၊ ရေထွက် ဒေါ်လာ(၂၁.၃၃) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၅၃.၂၆) သန်း၊ သစ်တောထွက် ဒေါ်လာ(၅.၈၁)သန်းနှင့် စက်မှုကုန်

ချော ဒေါ်လာ(၈၆.၅၀) သန်းစီ အသီးသီး လျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားပို့ကုန်တင်ပို့မှုတွင် ဒေါ်လာ (၂၂.၇၂) သန်း တိုးမြင့်တင်ပို့ကြောင်းတွေ့ရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

၃၀။ (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှာ ဒေါ်လာ (၃,၉၈၇.၉) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့် ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန်(၈၉,၄၂၇) နှင့် တန်ဖိုး ဒေါ်လာ(၃၇.၃၆) သန်း တင်ပို့ခဲ့ပြီး ဆန်တန်ချိန် (၄၄,၈၀၆)တင်ပို့ခဲ့ရာ ယခင်နှစ်ကာလတူထက် တန်ချိန် (၁၀၁,၃၈၉.၄၀) လျော့နည်းခဲ့ပြီး၊ ဆန်ကွဲတန်ချိန် (၄၄,၆၂၁.၀၀) တင်ပို့ခဲ့၍ ယခင်နှစ်ကာလတူထက် တန်ချိန် (၃၉၃၈၉.၅) လျော့နည်းတင်ပို့ခဲ့သဖြင့် စုစုပေါင်း ယခင်နှစ်အလားတူကာလထက် ဆန်နှင့်ဆန်ကွဲ တန်ချိန် (၁၄၀,၇၇၈.၉၀) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ခ) **ပဲအမျိုးမျိုး**တွင် တန်ချိန် (၁၁၃,၁၇၆.၄၈) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် တန်ချိန် (၃၄,၇၀၂.၅၆)လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၁၁၁,၂၁၃.၆) တင်ပို့ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် တန်ချိန် (၉,၆၆၈.၇၀) တိုးမြှင့်တင်ပို့ခဲ့ကြောင်း၊

(ဃ) **နှမ်း**တွင် တန်ချိန် (၃,၉၀၀.၇၂) တင်ပို့ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် တန်ချိန် (၁,၇၀၂.၉၈ ) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန် (၁၀,၅၂၄.၇၉) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် တန်ချိန် (၁၇,၃၉၀.၂၁) လျော့နည်းတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ (ဇယား- ၂)

၃၁။ **သွင်းကုန်တင်သွင်းမှု**အနေဖြင့် **၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ ထိ** စုစုပေါင်းဒေါ်လာ (၁,၄၄၂.၂၃) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၃၄၅.၇၉) သန်း တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက် တန်ချိန် (၆,၄၀၄)ပိုမိုခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဒေါ်လာ(၁၉.၂၁)သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၂,၆၈၃)၊ တန်ဖိုး ဒေါ်လာအားဖြင့် (၁၅.၃၅) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲဇယား(ဃ)- ဇယား(၆)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၁၆,၁၆၈.၄၉)၊ တန်ဖိုး ဒေါ်လာ (၂၉.၃၇) သန်းနှင့် ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၃၇,၅၇၈.၆၉)၊ တန်ဖိုး ဒေါ်လာ (၄၉.၉၁) သန်း တင်ပို့ခဲ့သဖြင့်

ယခင်နှစ်ထက် တန်ချိန် (၂၁,၄၁၀.၂၀) နှင့် တန်ဖိုးအားဖြင့်(၂၀.၅၄) သန်းလျော့နည်း တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ (ဇယား-၄)

## နိဂုံး

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေ နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

နောက်ဆက်တွဲဇယား-က

## ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား
## ၂၀၁၈ -၂၀၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ ထိ)

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ပြီးမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြီးမှ မတ်) | ၂၀၂၀-၂၀၂၁ (ပြီ မှ မတ်) | ၂၀၂၁-၂၂ (ပြီ မှ မတ်) | ၂၀၂၂-၂၃ (ပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၂၈-၄-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၉၈၆.၉၈ | ၃,၆၄၆.၈၀ | ၄,၅၆၀.၄၁ | ၄,၁၀၂.၆၉ | ၃,၉၉၉.၀၂ | **၂၃၉.၇၂** |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၄၅၃.၇၁ | ၄၂၀.၈၁ | ၆၉.၄၂ | ၈.၀၄ | ၂၀.၅၀ | **၀.၃၁** |
| ၃ | ရေထွက်ပစ္စည်း | ၇၃၀.၉၈ | ၁၂၂၈.၈၅ | ၈၀၄.၄၃ | ၈၂၄.၃၀ | ၇၆၅.၉၅ | **၂၅.၄၅** |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁,၅၉၇.၆၀ | ၂,၅၈၈.၅၉ | ၁,၂၈၀.၈၂ | ၆၄၆.၅၆ | ၃၃၇.၀၆ | **၁၁.၀၃** |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၈၅.၉၆ | ၂၆၅.၄၄ | ၁၂၈.၆၀ | ၁၄၆.၉၉ | ၁၃၉.၃၆ | **၄.၈၆** |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉,၃၉၈.၂၄ | ၁၅,၄၉၀.၂၃ | ၈,၇၇၆.၆၆ | ၈,၅၆၀.၂၂ | ၁၀,၉၄၀.၄၉ | **၅၄၄.၁၅** |
| ၇ | အခြားပစ္စည်း | ၁,၈၀၀.၉၃ | ၉၈၉.၅၃ | ၉၆၃.၃၁ | ၇၃၇.၁၀ | ၄၁၇.၈၁ | **၄၄.၂၆** |
| **စုစုပေါင်း** | | **၁၇,၁၅၄.၄၀** | **၂၄,၆၃၀.၂၄** | **၁၆,၅၈၃.၆၆** | **၁၅,၀၂၅.၉၀** | **၁၆,၆၂၀.၁၈** | **၈၆၉.၇၇** |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ခ

## လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုး အမည် | တန်ချိန်/ တန်ဘိုး | ၂၀၁၈-၂၀၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၀၂၁ (ပြေီ မှ မတ်) | ၂၀၂၁-၂၂ (ပြေီ မှ မတ်) | ၂၀၂၂-၂၃ (ပြေီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃ ) မှ (၂၈-၄-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ ဆန်ကွဲ | US$ | ၇၇၈.၉၉၉ | ၈၀၃.၂၇ | ၇၄၁.၁၆ | ၇၁၅.၉၈ | ၈၂၁.၃၁ | ၃၇.၃၆ |
| | | မတန် | ၂,၃၈၁,၇၅၅.၉၈ | ၂,၇၆၄,၇၄၄.၅၄ | ၂,၀၄၉,၀၃၇.၉၆ | ၂,၁၃၂,၂၃၂.၈၅ | ၂,၁၉၇,၅၁၀.၇၉ | ၈၉,၄၂၇.၀၀ |
| | ဆန်၊ | US$ | ၆၄၈.၇၂ | ၅၈၁.၄၀ | ၄၅၆.၈ | ၄၅၉.၈၈ | ၅၁၈.၀၅ | ၂၀.၃၉ |
| | | မတန် | ၁,၉၂၉,၈၄၂.၂၆ | ၁,၉၀၈,၁၆၃.၇၂ | ၁,၁၆၁,၅၂၉.၃၅ | ၁,၃၀၄,၅၀၆.၉၀ | ၁,၃၂၇,၉၇၅.၈၃ | ၄၄,၈၀၆.၀၀ |
| | ဆန်ကွဲ | US$ | ၁၃၀.၂၇၆ | ၂၂၁.၈၆ | ၂၈၄.၃၇ | ၂၅၆.၀၈ | ၃၀၃.၂၅၃ | ၁၆.၉၇ |
| | | မတန် | ၄၅၁,၉၁၃.၇၂ | ၈၅၆,၅၈၀.၈၂ | ၈၈၇,၅၀၈.၆၁ | ၈၂၇,၇၂၅.၉၅ | ၈၆၉,၅၁၄.၉၆ | ၄၄,၆၂၁.၀၀ |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၀၅.၁၅ | ၁၁၁၂.၀၅ | ၁၃၈၈.၅၅ | ၁၅၉၅.၃၁ | ၁၄၇၀.၆၆ | ၈၇.၂၄ |
| | | မတန် | ၁,၆၄၇,၆၇၈.၃၄ | ၁,၆၀၈,၆၃၃.၈၅ | ၁,၇၅၇,၀၂၅.၁၄ | ၂,၁၄၆,၅၆၇.၂၈ | ၁,၉၁၉,၁၅၆.၁၀ | ၁၁၃,၁၇၆.၄၈ |
| | မတ်ပဲ | US$ | ၃၀၂.၉၁ | ၄၁၀.၆၆ | ၃၈၆.၅၉ | ၆၀၆.၉၉ | ၅၃၁.၈ | ၂၉.၅၆ |
| | | မတန် | ၆၈၈,၂၅၀.၃၀ | ၆၁၃,၈၉၇.၃၂ | ၄၈၇,၉၂၆.၀၁ | ၈၀၁,၆၃၃.၂၃ | ၆၄၉,၉၄၀.၂၃ | ၃၈,၀၃၄.၀၂ |
| | ပဲတီစိမ်း | US$ | ၃၀၀.၉၈ | ၃၆၀.၇၉ | ၄၈၆.၀၂ | ၅၅၅.၁၃ | ၄၈၉.၀၉ | ၂၃.၃၃ |
| | | မတန် | ၄၁၄,၀၁၂.၀၈ | ၄၈၀,၇၂၆.၈၅ | ၆၁၁,၁၂၄.၆၀ | ၇၃၄,၁၃၇.၀၆ | ၆၉၁,၃၉၉.၂၉ | ၃၅,၀၄၄.၀၀ |
| | ပဲစဉ်းငုံ | US$ | ၇၈.၀၅ | ၉၃.၂၈ | ၇၆.၃၆ | ၁၆၃.၆၉ | ၁၈၇.၃၉ | ၁၃.၆၅ |
| | | မတန် | ၂၁၀,၃၃၈.၁၀ | ၁၅၈,၂၇၁.၂၇ | ၁၁၄,၅၈၁.၃၇ | ၂၄၄,၉၀၇.၄၈ | ၂၃၉,၅၃၇.၇၃ | ၁၇,၀၇၆.၀၃ |
| ၃ | ပြောင်း | US$ | ၂၁၉.၈၉ | ၃၆၈.၅၅ | ၄၇၂.၈၈ | ၅၇၃.၀၈ | ၅၉၃.၀၄ | ၃၄.၄၆ |
| | | မတန် | ၁,၀၆၀,၂၁၈.၆၂ | ၂,၁၉၁,၃၂၅.၂၄ | ၂,၆၀၇,၄၇၆.၁၇ | ၂,၄၁၄,၆၆၅.၀၅ | ၁,၉၂၁,၇၁၅.၁၈ | ၁၁၁,၂၁၃.၆၀ |
| ၄ | နှမ်း | US$ | ၁၅၀.၇ | ၂၂၈.၂၄ | ၄၁၄.၉၉ | ၂၄၈.၇ | ၁၃၂.၅၇ | ၅.၆၅ |
| | | မတန် | ၁၀၀,၇၀၄.၃၅ | ၁၃၂,၇၈၄.၇၀ | ၂၉၇,၇၉၅.၄၂ | ၁၉၇,၁၁၇.၁၄ | ၁၀၀,၀၆၅.၀၉ | ၃,၉၀၀.၇၂ |
| ၅ | ရာဘာ | US$ | ၂၃၉.၈၂ | ၂၃၈.၄၉ | ၄၁၀.၂၆ | ၄၅၈.၅ | ၃၂၂.၁၉ | ၁၃.၀၄ |
| | | မတန် | ၁၉၁,၆၅၀.၀၄ | ၁၈၄,၈၄၀.၄၅ | ၂၈၈,၂၇၅.၅၅ | ၃၁၅,၀၂၀.၈၁ | ၂၃၉,၃၉၄.၆၅ | ၁၀,၅၂၄.၇၉ |
| ၆ | အခြား | US$ | ၆၉၂.၄၂ | ၈၇၆.၂၀ | ၁,၁၃၂.၅၈ | ၅၁၂.၄ | ၆၅၉.၂၅ | ၆၁.၉၈ |
| စုစုပေါင်း | | US$ | ၂,၉၈၆.၉၈ | ၃,၆၄၆.၈၀ | ၄,၅၆၀.၄၁ | ၄,၁၀၃.၉၂ | ၃,၉၉၉.၀၂ | ၂၃၉.၇၃ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဂ

## ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၈-၁၉ (ပြီးမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြီးမှ မတ်) | ၂၀၂၀-၂၁ (ပြီးမှ မတ်) | ၂၀၂၁-၂၀၂၂ (ပြီးမှ မတ်) | ၂၀၂၂-၂၀၂၃ (ပြီးမှ မတ်) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၂၄၉.၄၁ | ၇,၂၆၁.၇၈ | ၅,၉၀၀.၄၀ | ၃,၃၃၄.၅၇ | ၃,၇၃၂.၄၇၆ | ၁၅၀.၆၄ | ၂၁၄.၃၂ | ၃၆၄.၉၆ |
| (ခ) | လုပ်ငန်းသုံး ကုန်ပစ္စည်းများ | ၇,၄၆၄.၈၅ | ၇,၆၁၇.၆၂ | ၅,၅၁၁.၁၇ | ၆,၀၇၅.၂၀ | ၈,၉၅၃.၁၁၄ | ၅၆.၅၇ | ၆၁၆.၇၀ | ၆၇၃.၂၇ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၉၆၇.၅၇ | ၅,၀၈၀.၅၄ | ၃,၉၂၅.၉၂ | ၃,၅၁၇.၇၈ | ၄,၆၆၇.၁၃၂ | ၁.၉၅ | ၁၈၀.၈၀ | ၁၈၂.၇၅ |
| (ဃ) | CMP | - | - | ၈၁၅.၂၆ | ၁၈၉၅.၂၄ | - | - | ၂၂၁.၂၆ | ၂၂၁.၂၆ |
| **စုစုပေါင်း** | | **၁၈,၆၈၁.၈၃** | **၁၉,၉၅၉.၉၃** | **၁၆,၁၅၂.၇၄** | **၁၄,၈၂၂.၇၉** | **၁၇,၃၅၂.၇၂** | **၂၀၉.၁၆** | **၁,၂၃၃.၀၈** | **၁,၄၄၂.၂၄** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

## ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း မြေဩဇာတင်သွင်းမှုအခြေအနေ

မက်ထရစ်တန်

| စဉ် | မြေဩဇာအမျိုးအစား | ၂၀၂၃ ခုနှစ် | | | | | | | | | ၂၀၂၄ ခုနှစ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | |
| ၁ | Nitrogen | ၄၃၈၇၉ | | | | | | | | | | | | ၄၃၈၇၉ |
| | Urea | ၄၀၅၅၆ | | | | | | | | | | | | ၄၀၅၅၆ |
| | Ammonium Sulphate | ၃၃၂၃ | | | | | | | | | | | | ၃၃၂၃ |
| ၂ | Phosphate | ၁၉၀၁ | | | | | | | | | | | | ၁၉၀၁ |
| ၃ | Potassium | ၄၅၁၃ | | | | | | | | | | | | ၄၅၁၃ |
| ၄ | Compound | ၁၄၃၅၅ | | | | | | | | | | | | ၁၄၃၅၅ |
| ၅ | Follar | ၁၅ | | | | | | | | | | | | ၁၅ |
| ၆ | Organic | ၁၂၅ | | | | | | | | | | | | ၁၂၅ |
| ၇ | Gypsum | ၄၅၀ | | | | | | | | | | | | ၄၅၀ |
| ၈ | Other | ၁၆၃ | | | | | | | | | | | | ၁၆၃ |
| စုစုပေါင်း | | ၆၅၄၀၁ | | | | | | | | | | | | ၆၅၄၀၁ |

Source : Customs Department